# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာဒွေးနိုင်၊ ဧရာဝတီ(၇)၊ ပြည်ပခရီးစဉ်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ရိုးရာချီဘွေပွဲ တက်ရောက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဇနီး ကျန်းမာရေး၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးခင်မောင်ဒွေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဆေးစစ်ခံ။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကျန်းမာရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဒွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှုခံယူရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ကျန်းမာရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ မိသားစုကိစ္စ။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ အစည်းအဝေးတက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ပြည်ပခရီးစဉ်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဦးလှအေး၊ တနင်္သာရီ (၁၁)၊ ဇနီး ကျန်းမာရေး။ ဦးညီညီထွန်း၊ မွန်(၁၁)၊ ကျန်းမာရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ စည်ပင်သာယာ ဝန်ထမ်းများ၏ အလုပ်ချိန်ကို ည(၁၀)နာရီမှ နံနက်(၄)နာရီထိ သတ်မှတ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ စည်ပင်သာယာဝန်ထမ်းများ၏ အလုပ်ချိန်ကို ည(၁၀)နာရီမှ နံနက်(၄)နာရီထိ သတ်မှတ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့များ သပ်ရပ်သန့်ရှင်းလှပရေး ဆောင်ရွက်နေတဲ့ စည်ပင်သာယာဝန်ထမ်းများရဲ့ စည်ပင်သာယာ အလုပ်ချိန်ကို ည(၁၀)နာရီကနေ နံနက်(၄)နာရီအထိ သတ်မှတ်သွားဖို့ အစီအစဉ် ရှိ/မရှိ ဆိုပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်မှာ မြို့ပေါ်ရှိလမ်းများ ကတ္တရာခင်းခြင်း၊ မြောင်းပုပ်ဖော်ခြင်း၊ အမှိုက်သိမ်းခြင်း၊ ပလက်ဖောင်းဆေးသုတ်ခြင်း စတဲ့ မြို့ရွာသန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်မှုများကို ဆောင်ရွက်ရာမှာ ပုံမှန်ရုံးချိန်အတိုင်း ဆောင်ရွက်လျက်ရှိတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ မြို့များမှာ ရုံးတက်ချိန်၊ ရုံးဆင်းချိန်၊ ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်၊ ဈေးသွား/ဈေးပြန်ချိန်များမှာ လူဦးရေ ထူထပ်သိပ်သည်းလာသည်နှင့်အညီ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကား ကြပ်တည်းလာကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလို တိုးတက်စည်ကားလာတဲ့ ကြားထဲမှာပဲ စည်ပင်သာယာဝန်ထမ်းများဟာ ယာဉ်သွားယာဉ်လာများ၊ လမ်းသွားလမ်းလာများကို ပိတ်ဆို့ကျဉ်းမြောင်းစေသော လမ်းခင်းခြင်း၊ မြောင်းပုပ်ဖော်ခြင်း၊ အမှိုက်သိမ်းခြင်း စတာတွေကို လူထူတဲ့ အချိန်ကျမှစပြီး လုပ်နေကြတာကို တွေ့ရပါတယ်။

ထို့ပြင် ထိုကဲ့သို့ဆောင်ရွက်နေမှုကို သတိမထားမိဘဲနဲ့ မြို့တော်ဝန်တို့၊ စည်ပင်သာယာ ညွှန်ကြားရေးမှူးတို့၊ အမှုဆောင်အရာရှိ တို့ဟာ အဲဒီလို မြောင်းပုပ်ဖော်နေတာတွေ၊ ဆေးသုတ်နေတာတွေကို ကြည့်ရှုအားပေး လမ်းညွှန်နေတဲ့ပုံတွေကို မှတ်တမ်းဓာတ်ပုံရိုက်ပြီး သတင်းစာတွေထဲမှာ ဝေဝေဆာဆာလည်း ဖော်ပြလျက် ရှိပါတယ်။ သူတို့ရဲ့ လုပ်ရပ်ကတော့ မြို့ရွာသာယာလှပ ဖွံ့ဖြိုးတိုးတက်အောင် စေတနာအမှန်နဲ့ လုပ်ကိုင်နေသော်လည်းပဲ လမ်းပိတ်ဆို့ပြီး ရပ်တန့်နေရတဲ့ ပြည်သူတွေကတော့ စိတ်ဆိုးရခက်၊ ချီးမွမ်းရခက် အခြေအနေ ဖြစ်ပေါ်နေပါတယ်။ လူစည်ကားများပြားတိုးတက်တဲ့ နိုင်ငံများက စည်ပင်သာယာ အလုပ်ချိန်ကတော့ ည(၁၀)နာရီကနေ မနက်(၄)နာရီအထိ သတ်မှတ်ထားလေ့ရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီအချိန်မှာ ရုံးတက်ချိန်၊ ရုံးဆင်းချိန်၊

ကျောင်းတက်/ကျောင်းဆင်းချိန်၊ ဈေးသွားချိန် မရှိတော့ဘဲနဲ့ လူသွားလူလာ ရှင်းလင်းပြီးတော့ အလုပ်တွင်စေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကတ္တရာညှော်နံ့တွေ၊ မြောင်းပုပ်ဖော်လို့ ထွက်လာတဲ့ အနံ့ဆိုးတွေကို ခရီးသွား လုပ်သားပြည်သူတွေ ရှူရိုက်ရန် မလိုတော့ပါဘူး။ ဒါကြောင့် ည(၁၀)နာရီနဲ့ မနက်(၄)နာရီအချိန်ကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ထိုအချိန်ကို ရွေးချယ်သင့်ပါတယ်။ ရုရှားနိုင်ငံမှာ မြေပေါ်လမ်းမှာတင် မကဘူး ရုံးတက်/ရုံးဆင်းချိန် ပြေးဆွဲတဲ့ မော်စကို မြို့တွင်းပြေး မြေအောက်ရထားလမ်း ဥမင်ကို နေ့စဉ် ရေဆေးကြော သန့်စင်တာတောင်မှ ည(၁၀)နာရီမှ မနက်(၄)နာရီကြား သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ပါ၍ လူရှုပ်သော အချိန်ရောက်မှ လမ်းပေါက်ဖာခြင်း၊ မြောင်းပုပ်ဖော်ခြင်း၊ ပလက်ဖောင်း ဆေးသုတ်ခြင်း၊ အမှိုက်သိမ်းခြင်း စသည့် မြို့တော်စည်ပင်သာယာ အလုပ်ချိန်များအား ည(၁၀)နာရီ ကနေ မနက် (၄)နာရီအထိ သတ်မှတ်သွားသင့်တဲ့အတွက်ကြောင့် အဲဒီလို သတ်မှတ်ပြောင်းလဲ ညွှန်ကြားချက် ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/ မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်ခင်ဗျား။ မကွေးတိုင်း မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ မေးခွန်းနဲ့ ပတ်သက်၍ ပြည်ထောင်စုသမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း မှ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ တင်ပြချက်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်လမ်းမကြီးများ၏ သန့်ရှင်းရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ အမှိုက်သိမ်းဆည်းခြင်းကို တစ်နေ့လျှင် (၂)ကြိမ် သိမ်းဆည်းခြင်းဖြင့်လည်းကောင်း လမ်းကြီးများမှာ (၂၀)လမ်း၊ (၈)လမ်း၊ (၆)လမ်းသွား၊ (၄)လမ်းသွားလမ်းမကြီးများဖြင့် ကျယ်ဝန်းစွာ တည်ဆောက်ထားခြင်း၊ မော်တော်ယာဉ်များ သွားလာမှု နည်းပါးခြင်းတို့ကြောင့် ယာဉ်ကြော ပိတ်ဆို့မှု မရှိဘဲ အဆင်ပြေစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း ဈေးများကိုလည်း တစ်နေ့(၃)ကြိမ် အမှိုက်များ သိမ်းဆည်းရှင်းလင်း ဆောင်ရွက်ပေးနေခြင်းတို့ကြောင့် အများပြည်သူများ နေထိုင်သွားလာမှုကို တစ်စုံတစ်ရာ အနှောင့်အယှက်မရှိ ပုံမှန်ရုံးချိန် မဟုတ်ဘဲ

ဆောင်ရွက်ပေးလျက်ရှိသဖြင့် ည(၁၀)နာရီမှ နံနက်(၄)နာရီအထိ အလုပ်ချိန် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားတင်ပြပါတယ်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ရှင်းလင်းဖြေကြားပေးပို့ချက်များအရ စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သည့် သန့်ရှင်းရေးလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများ၊ လမ်းတံတားများ၊ ပလက်ဖောင်းများ ပြုပြင်တည်ဆောက်ခြင်း၊ မြောင်းပုပ်များ တူးဖော်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်း၊ မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား အများပြည်သူတို့၏ နေထိုင်သွားလာမှုများကို တစ်စုံတစ်ရာ အနှောင့်အယှက်မရှိ ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်နှင့် အရေးတကြီးလိုအပ်သော လုပ်ငန်းများ ရှိမှသာ ညအချိန် အချိန်ပိုဆင်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ည (၁၀)နာရီမှ နံနက် (၄)နာရီအထိ အလုပ်ချိန် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ရှင်းလင်းဖြေကြားပေးပို့ချက်များအရ စည်ပင်သာယာရေးလုပ်ငန်းများကို ည အချိန် ဆောင်ရွက်လျှင် လုံလောက်သော အလင်းရောင် မရှိ၍ လုပ်ငန်းခွင်အန္တရာယ် ပိုမိုရှိနိုင်ခြင်း၊ နေ့ခင်း အလုပ်ချိန်ထက် လုပ်ငန်းများ တွင်ကျယ်သွက်လက်မှု မရှိခြင်း၊ ရေရှည်တွင် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊ လုပ်အားခ ကုန်ကျစရိတ် ပိုမိုများပြားလာနိုင်ခြင်း၊ ရာသီဥတုအခြေအနေ ဆိုးဝါးခြင်း၊ နယ်မြေဒေသ အခြေအနေအရ သော်လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေအရသော်လည်းကောင်း၊ မြို့ပြဆိုင်ရာ လူဦးရေ သိပ်သည်းထူထပ်မှု နည်းပါးနေသည့် အခြေအနေအရသော်လည်းကောင်း၊ မော်တော်ယာဉ်သွားလာမှု နည်းပါးခြင်းတို့ကြောင့် လမ်းကြောင်း ပိတ်ဆို့မှု မရှိ လွတ်လပ်စွာ ဆောင်ရွက်နိုင်သဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများ၏ အလုပ်ချိန်ကို ည (၁၀)နာရီမှ နံနက် (၄)နာရီအထိ သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သည့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို အမှိုက်သိမ်းစနစ် (၃)မျိုးဖြင့် တစ်နေ့လျှင် နှစ်ဆိုင်းခွဲ၍ ဆောင်ရွက်ပေးလျက်ရှိပြီး လမ်းများပြုပြင်တည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ စကြံ်များ ပြုပြင်ခြင်း လုပ်ငန်းများကို စီးပွားရေး အချက်အချာကျပြီး လူနေထူထပ်သောနေရာများတွင် ညပိုင်း အချိန် ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် စည်ပင်သာယာရေး အလုပ်ချိန်ကို ည (၁၀)နာရီမှ နံနက် (၄)နာရီ အချိန်ပြောင်းလဲ သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

သို့ပါ၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့များ သပ်ရပ်သန့်ရှင်းလှပရေး လုပ်ငန်းများ ဆောင်ရွက်နေသော စည်ပင်သာယာရေး ဝန်ထမ်းများ၏ စည်ပင်သာယာရေး အလုပ်ချိန်ကို ည(၁၀)နာရီမှ နံနက်(၄)နာရီအချိန်ထိ သတ်မှတ်သွားရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသဝန်ကြီးချုပ်များ၏

ရှင်းလင်းဖြေကြား ပေးပို့ချက်များအရ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့များ သပ်ရပ်သန့်ရှင်းလှပရေး ဆောင်ရွက်နေသော စည်ပင်သာယာရေး ဝန်ထမ်းများ၏ စည်ပင်သာယာရေး အလုပ်ချိန်ကို ည(၁၀)နာရီမှ နံနက်(၄)နာရီထိ သတ်မှတ်သွားရန် အစီအစဉ် မရှိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဦးဇုန်လှယ်ထန်း ခေါင်းပေါင်း ဘယ်ရောက်နေလဲ။

**ဦးဇုန်လှယ်ထန်း။** ။ မေ့ကျန်ခဲ့လို့။

**ဥက္ကဋ္ဌ။** ။ ဘာအပြစ်ပေးရမယ်ဆိုတာ အများဆုံးဖြတ်ခြင်းနဲ့ ဆုံးဖြတ်လို့ ရတယ်။ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။

**ဦးဇုန်လှယ်ထန်း။** ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာအနီးရှိ သဲနုန်းများ ပို့ချနေသည့် အလောင်းစည်သူကန်နှင့် ပျက်စီးနေသည့် ရေပိုလွှဲကို ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင်က ဝမ်းတွင်း မြို့နယ်၊ ကုက္ကိုခါးလှကျေးရွာအနီးရှိ သဲနုန်းများ ပို့ချနေသည့် အလောင်းစည်သူကန်နှင့် ပျက်စီးနေသည့် ရေပိုလွှဲကို ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးရမယ့် မေးခွန်းကတော့ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာအနီးရှိ သဲနုန်းများ ပို့ချနေသည့် အလောင်းစည်သူကန်၏ ပျက်စီးနေသော ရေပိုလွှဲအား ပြန်လည် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလောင်းစည်သူကန်ဟာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာ၏ အနောက်ဘက် (၂)မိုင်ခန့်အကွာတွင် ဘူးတောင်းချောင်းကို ပိတ်၍ တည်ဆောက်ထားသော မြေသားရေလှောင်တမံ ဖြစ်ပါတယ်။ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ (၁၁၅၇၆)ဧကပေါ်တွင် စိစစ်ဧရိယာ (၁၁၀၂၂)ဧကကို ရေသွင်းစိုက်ပျိုးရန် ရည်ရွယ်ပြီး ၁၉၅၆-၁၉၅၇ ခုနှစ်တွင် ပြန်လည်မွမ်းမံထားသော ဆည် ဖြစ်ပါတယ်။ အလောင်းစည်သူကန်သည် တည်ဆောက်ခဲ့သည့်မှာ နှစ်ကာလ ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့် သဲနုန်းများ ပို့ချသောကြောင့် ရေလှောင်ပမာဏမှာ တဖြည်းဖြည်း လျော့နည်းလာခြင်း ဖြစ်ပါတယ်။ ယခင်က (၄၉၀၁)ဧက ရေသိုလှောင်နိုင်ပြီး ယခုအခါတွင် (၁၄၆၈)ဧကသာလျှင် ရေသိုလှောင်နိုင်တော့သည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆည်ရေသောက် ဧရိယာအတွင်း ရေလုံလောက်စွာ ပေးဝေနိုင်ခြင်း မရှိဘဲ သီးနှံစိုက်ဧကများ လျော့နည်းလာခြင်း ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ဧက(၁၂၀၀)သာလျှင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ မှာ (၁၀၉၅)ဧကသာ စိုက်ပျိုးနိုင်ပါတယ်။ ၂၀၁၂-၂၀၁၃ မှာတော့ ဧက(၉၀၀)သာလျှင် စိုက်ပျိုးရေ ပေးဝေနိုင်ခြင်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလောင်းစည်သူကန်၏ သဲနုန်းပို့ချမှုမှာ ကန်ထဲတွင် (၁၅)ပေခန့်အထိ သဲနုန်းများ တက်လာသည်ဟု ဆိုရမည် ဖြစ်ပါတယ်။ အလောင်းစည်သူကန်အတွင်း မိုးရွာစဉ်၌ ဝင်လာသော ရေများသည် ရေပိုလွှဲမှ တောက်လျှောက်ထွက်ပြီးလျှင် ကန်ထဲတွင် ရေလှောင်ပမာဏ မကျန်တော့ပါ။ ၂၀၁၀ ခုနှစ် မိုးကောင်းတဲ့ နှစ်က ရေပိုလွှဲမှ (၁၈၆၉၃)ဧက  ရေပိုလွှဲမှ လျှံထွက်ပြီး ရေကန်ထဲတွင် မကျန်တော့ပါ။ ထို့ကြောင့် ရေပိုလွှဲလည်း ပျက်စီးခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံ ပြည်သူများ၏ကိုယ်စား အလောင်းစည်သူကန်ထဲရှိ သဲနုန်းများကို ဆယ်ပေးခြင်း၊ ပျက်စီးနေသော ရေပိုလွှဲအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ ကို ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျေးရွာ တောင်သူများ ထင်း၊ မီးသွေးအစား Gas မီးဖို (သို့မဟုတ်) Solar ဖြင့် နေ့စဉ်ချက်ပြုတ်နိုင်ရေးကို နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျေးရွာတောင်သူများ ထင်း၊ မီးသွေးအစား Gas မီးဖို (သို့မဟုတ်) Solar ဖြင့် နေ့စဉ်ချက်ပြုတ်နိုင်ရေးကို နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဟားခါးမြို့နယ်မှ ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျေးရွာတောင်သူများ နေထိုင်စားသောက်ရေးအတွက် ထင်း၊ မီးသွေး အစား Gas မီးဖို (သို့မဟုတ်) Solar ဖြင့် နေ့စဉ်ချက်ပြုတ်နိုင်ရေးကို နိုင်ငံတော်မှ စီမံကိန်း၊ စီမံချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၂၆)ရွာမှာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများအနေနဲ့ မိမိကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောထိန်းသိမ်းရေးကိစ္စကို လည်းကောင်း၊ ထင်း/မီးသွေးအစား တခြား လောင်စာဆီသုံးစွဲရေးကိုလည်းကောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ် ကျင်းပရာမှာ အောက်ဖော်ပြပါ အချက်များကို အဓိက လိုအပ်နေပါကြောင်းကို ဆွေးနွေးသုံးသပ်ကြ ပါတယ်။ ဟားခါးမြို့နယ် အိမ်ခြေ(၂၀၀၀၀)ကျော် နေ့စဉ်နဲ့အမျှ မိမိဝမ်းစာ ချက်ပြုတ်ရေးတွင် ထင်း/ မီးသွေးသုံးခြင်းမှအပ လက်ရှိ အခြေအနေမှာ အခြားနည်းလမ်း မရှိပါ။ ဆက်လက်သုံးစွဲရန် အခြေအနေ ဖြစ်ပါတယ်။ တစ်အိမ်ထောင်မှာ တစ်နှစ် ထင်း/မီးသွေး တန်ချိန်(၂)တန်ခွဲ သုံးစွဲပါက သုံးလည်း သုံးစွဲနေပါတယ်။ တစ်မြို့နယ်လုံးအတွက် တစ်နှစ်လျှင် ထင်း/မီးသွေး တန်ချိန် (၅၀၀၀၀)ခန့် လိုအပ်ချက် ရှိနေပါတယ်။ အလွန်များပြားနေပါတယ်။ များပြားတာကို သိသော်ငြားလည်း ထင်းခုတ်သုံးစွဲခြင်းမှအပ ကျန်နည်းလမ်း မရှိပါကြောင်းကို သစ်တောမပြုန်းတီးအောင် ထိန်းသိမ်း မည်ဆိုပါက ထင်း/ မီးသွေး အသုံးမပြုရန် လိုအပ်မှာဖြစ်ကြောင်း၊ ထင်း/မီးသွေး သုံးခြင်းအားဖြင့် စိမ့်စမ်းရေ ခြောက်ခမ်းလာပြီး၊ သောက်သုံးရေခက်ခဲမှု ဖြစ်လာခြင်းကို သဘောပေါက် နားလည်ကြ သော်လည်း မသုံးမဖြစ် ဖြစ်နေတဲ့သဘော သက်ရောက်နေပါတယ်။

သစ်တောပြုန်းတီးမှုကြောင့် ဟားခါးမြို့ပေါ်နှင့် ကျေးရွာများတွင် စိမ့်စမ်းရေ ခမ်းခြောက် လာပြီး သောက်သုံးရေခက်ခဲမှု၊ မိမိအိမ်ခြံမြေတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုမဖြစ်နိုင်ခြင်း တို့ကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းအတွက် အဟန့်အတား တစ်ခု ဖြစ်နေပါကြောင်းကိုလည်း သဘောပေါက်နားလည်ကြပါတယ်။

ဟားခါးမြို့သို့ ဂန့်ဂေါမှတစ်ဆင့် မဟာဓာတ်အားလိုင်း သွယ်တန်းရန် အစီအစဉ် ရှိသော် လည်း ဟားခါးမြို့ပေါ်သာ ရရှိမှာဖြစ်ပြီး ကျေးရွာများသို့ ရောက်နိုင်မှာမဟုတ်ပါကြောင်း၊ ကျေးရွာ များမှာ ထင်း/မီးသွေးအစား နေ့စဉ် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး ချက်ပြုတ်ရန်အတွက် Gas မီးဖို၊ သို့မဟုတ် Solar သုံးစနစ်မှအပ၊ ကျန်နည်းလမ်း မရှိပါကြောင်း၊ အချို့ကျေးရွာမှာ မိမိအစီအမံဖြင့် ရေအားလျှပ်စစ်ဖြင့် မီးရရှိသော်လည်း၊ ချက်ပြုတ်ရေးအထိ မရနိုင်သဖြင့် တစ်မြို့ နယ်လုံး ကျေးရွာများအတွက် နိုင်ငံတော်အစိုးရမှ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ အထက်ပါ လိုအပ်ချက်ကို စီမံကိန်း၊ စီမံချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း၊ အချိန်ကာလ ကြာလေလေ ဒုက္ခရောက်လေလေ ဖြစ်ရန်သာ ရှိပါကြောင်းကို ဆွေးနွေးကြကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်မက ချင်းပြည်နယ်တစ်ခုလုံးအတွင်း ရွှေ့ပြောင်း တောင်ယာစနစ်ကြောင့် တောပြုန်းတီးမှု ဖြစ်သည့်အပြင် အဓိကဖြစ်သော အထက်ပါအချက်များ ကြောင့် သစ်တောများ ပိုမို ပြုန်းတီးရန်သာရှိပြီး လာမည့်အချိန်မှာ သောက်သုံးရေခက်ခဲမှုမှအစ၊ ထင်း/မီးသွေးရှားပါးပြီး ဈေးကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲရမည် ဖြစ်သောကြောင့် ထင်း/မီးသွေး အစား အခြားနည်းလမ်းဖြစ်သော Gas မီးဖို သို့မဟုတ် Solar သုံးစွဲရေးအတွက် နိုင်ငံတော်မှ

စီစဉ်ပေးရန် အထူးလိုအပ်ပြီး ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စည်းရုံးရေးအသွင် သို့မဟုတ် သုံးစွဲရန် လိုအပ်မှုကို ပြည်သူလူထု နားလည်သဘောပေါက်ရန် ပြည်နယ်အစိုးရအနေဖြင့်လည်း ပြည်နယ် လူထုတစ်ခုလုံး ကိုပါ အသိပေးဆော်ဩရန် လိုအပ်ပါကြောင်း ထင်မြင် ယူဆရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဟားခါးမြို့နယ် ကျေးရွာများ၏ ကိုယ်စား ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ (၁) ဟားခါးမြို့နယ်အတွင်း ကျေးရွာများအတွက် ထင်း/မီးသွေးအစား၊ Gas မီးဖို သို့မဟုတ် Solar စနစ်ဖြင့် အိမ်တွင်း ချက်ပြုတ်ရေး အတွက် ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရမှ စီမံကိန်း၊ စီမံချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကိုလည်းကောင်း။ (၂) ရှိပါက ဘယ်လိုအစီအစဉ်နဲ့ ဆောင်ရွက် ပေးမည်ကို လည်းကောင်း။ (၃) နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မှု မရှိပါက အခြားနည်းလမ်း ဖြစ်သော အစိုးရမဟုတ်သော အခြားအဖွဲ့အစည်း အစီအစဉ်ဖြင့်လည်းကောင်း၊ အခြားတိုင်းပြည်မှ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကူညီပေးမှုအပေါ် တင်ပြပါကိစ္စအတွက်ကိုပါ စီစဉ်ပေးနိုင်မှု အခြေအနေကိုလည်းကောင်း၊ ကျေးရွာများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ အစိုးရဝန်ထမ်းများသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အောင်ပင်လယ် လျှပ်စစ်ရေတင်စီမံကိန်းရှိ ရေခေါ် မြောင်းအား တူးဖော်ပေးပါရန်နှင့် ရေတင်စီမံကိန်း ပင်မမြောင်းမကြီး ရေစိမ့်ထွက်မှု မရှိစေရန် ရေထိန်း နံရံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အောင်ပင်လယ်လျှပ်စစ် ရေတင်စီမံကိန်းရှိ ရေခေါ်မြောင်းအား တူးဖော်ပေးပါရန်နှင့် ရေတင်စီမံကိန်း ပင်မမြောင်းမကြီး ရေစိမ့်ထွက်မှုမရှိ စေရန် ရေထိန်းနံရံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းဘူး(စကု) မြို့နယ်၊ အောင်ပင်လယ်လျှပ်စစ် ရေတင်စီမံကိန်းရှိ အောင်ပင်လယ်ကန်မှ ရေတင်နေရာအထိ ရေခေါ်မြောင်းအား တူးဖော်ပေးနိုင်ခြင်းနှင့် စီမံကိန်းရှိ ပင်မမြောင်းမကြီး ရေစိမ့်ထွက်နေမှုမှ ကာကွယ်ရန် ရေထိန်းနံရံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူး(စကု)မြို့နယ်ရှိ တောင်မန်းမြောင်းအနီး အောင်ပင်လယ် လျှပ်စစ်ရေတင်စီမံကိန်းသည် တောင်မန်းမြောင်းထဲမှ ဆည်ရေကို အောင်ပင်လယ်ကန်ထဲသို့ သွင်းပြီး၊ ထိုမှ (၂၆၀၅)ပေခန့် အကွာရှိ လျှပ်စစ်ရေတင်သို့ ရေရောက်အောင်ပို့ပြီးမှ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် လယ်ဧက(၂၂၃)ဧကခန့်ကို ရေပေးဝေရပါတယ်။ အောင်ပင်လယ်ကန်သည် မူလက ချောင်းရိုးကို တောင်မန်းမြောင်း ဖောက်လုပ်လိုက်သည့်အတွက် ရေလှောင်ကန်သဘောဖြစ်သွားရသော ကန်လည်းဖြစ်ပါတယ်။ ကန်၏ မူလရေလှောင်ကန်ဧရိယာသည် (၁၅.၅၇)ဧကရှိပြီး ထိုရေလှောင်ကန် ဧရိယာအနားစပ်မှ လျှပ်စစ်ရေတင်မော်တာအထိ အရှည်မှာ ပေ(၂၆၀၅)ပေခန့် ရှိပါတယ်။ ယခု လျှပ်စစ်ရေတင်မော်တာ တည်ရှိရာမှ ကန်ဆီ သို့ မြောင်းအနက်(၂)ပေ ပတ်ဝန်းကျင်ဖြင့် ပေ(၁၁၂၀)အရှည်ရှိ ရေခေါ်မြောင်း ဖောက်လုပ်ထားပါတယ်။ ထိုရေခေါ်မြောင်းသို့ ရေဝင်ရန် မူလရေသိုလှောင်ကန်ထဲသို့ တောင်မန်းမြောင်းမှ (၃၇.၀၈)ဧက အကျယ်ပမာဏရှိ ကန်ထဲသို့ ရေပြည့်အောင်ထပ်မံဖြည့်မှ ရေခေါ်မြောင်းထဲသို့ ရေဝင်ရပါတယ်။ သို့အတွက် မူလရေသိုလှောင်ကန် (၁၅.၅၇)ဧကအပြင် ရေခေါ်မြောင်းဝင်သည့်အမြင့်သို့ ရောက်ရှိရန် နောက်ထပ် (၂၁.၅၂)ဧကခန့် လွင်ပြင်ကိုပါ ရေလွှမ်းပြီးမှ ရေခေါ်မြောင်းထဲသို့ ရေဝင်ရသည့် သဘောလည်း ဖြစ်ပါတယ်။ မူလရေ လှောင်ကန် မဟုတ်သော ထပ်မံရေလွှမ်း ပမာဏမှာ (၂၁.၅) ဧကရှိ မြေပြင်ပေါ်ရှိရေများမှ မြေကြီး၏ စုပ်ယူမှုကြောင့် လေလွင့်စိမ့်ဝင်သည့် ပမာဏလည်း လွန်စွာများပြားပါတယ်။ တစ်နည်းအားဖြင့် ရေလွှမ်းသွားသော မြေ(၂၁.၅၁)ဧက၏ စိုက်ပျိုးထုတ်လုပ်မှုမှာလည်း လျော့နည်းသွားခဲ့ပါတယ်။ ထိုရေတင်စီမံကိန်းရှိ ပင်မမြောင်းမှာလည်း စိုက်ဧကသို့ မရောက်ခင် အပြင်သို့ စိမ့်ထွက် လေလွင့်မှုများမှာလည်း ရှိပါတယ်။ ရေလေလွင့် ဆုံးရှုံးမှုများသည့်အတွက် အမှန်တကယ် အောက်ရေရသည်မှာ နှစ်စဉ်ဧက(၁၀၀)ပင် မပြည့်ပါ။

တောင်မန်းမြောင်းထဲတွင် ထိုအောင်ပင်လယ်ကန်၏ အောက်ဘက်ရှိ ကြီးပင်ကန်ကွင်း၌ (၃၄၇)ဧက၊ ရေပုပ်ကွင်း(၉၁၄)ဧက၊ အလမွှါယ်(ဇရပ်ကြီး)ကွင်း၌ (၃၅၇)ဧကနှင့် ကြာကန်ကွင်း၌ (၂၂၂)ဧက စုစုပေါင်းဧက (၁၈၄၀)ခန့် ရှိပါတယ်။ ထိုဧက(၂၀၀၀)နီးပါး ဆည်ရေသောက် ပမာဏသည် နှစ်စဉ်ရေငတ်လျက်ရှိပြီး ဆည်ရေမှာ တစ်ပတ်လျှင် (၄)ရက်သာ လွှတ်ပေးနိုင်သဖြင့် စပါးသီးနှံရဲ့ ရည်မှန်းချက်အထွက်နှုန်းကိုပင် မရရှိဘဲ နှစ်စဉ်အရှုံးနှင့် ရင်ဆိုင်နေရပါတယ်။ ရာသီဥတု မကောင်း၍ မိုးခေါင်သော ရာသီမျိုးတွင် ပို၍ဆိုးရွားပါတယ်။ ရေခေါ်မြောင်းက တိမ်ပြီး တိုနေသည့် အတွက် ထိုရေခေါ်မြောင်းသို့ ရေဝင်နိုင်သည့် Level အမြင့်သို့ရောက်ရှိအောင် ဆည်ရေထည့်ပေး ရသည့်အတွက် အောက်ဖက်ရှိ ဧက(၂၀၀၀)ခန့် ရေငတ်ခြင်း၊ ရေတင်စီမံကိန်းရှိ ပင်မမြောင်းမကြီး၏ ရေစိမ့်ထွက်မှုများ၍ ရေတင်လယ်ဧက(၂၀၀)ကျော်အနက် ဧက(၁၀၀)အတွက် အောင်ရေရရန်ပင် ခက်ခဲခြင်းတို့ ရှိနေသဖြင့် နှစ်ဖက်ဆုံးရှုံးမှုများလည်း ရှိပါတယ်။ ထိုရေခေါ်မြောင်းကို ပင်မလှောင်ကန် မှ ရေတင်မော်တာအထိ အရှည်(၂၆၀၅)ပေအား အနက်(၁၀)ပေခန့် တူးပေးခြင်း၊ ပင်မမြောင်းမကြီး၏ ရေစိမ့်ထွက်မှုမရှိအောင် ရေထိန်းနံရံတည်ဆောက်ပေးမည်ဆိုပါက ရေလေလွင့်မှု နည်းပါးပြီး ရေတင်စီမံကိန်းရှိဧကများမှာလည်း အောင်ရေရသကဲ့သို့ ဆည်ရေထည့်ပေးရမှု ပမာဏ လျော့သွားမှာ ဖြစ်ပြီး အောင်ပင်လယ်အောက်ဘက်ရှိ ဧက(၂၀၀၀)ခန့်လည်း ရေငတ်မှုမှ လျော့ကျသွားနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အောင်ပင်လယ်လျှပ်စစ်ရေတင်စီမံကိန်းရှိ ရေခေါ်မြောင်းအား ပင်မရေလှောင်ကန်မှ လျှပ်စစ်ရေတင်မော်တာအထိ အရှည်(၂၆၀၅)ပေခန့် ရေခေါ်မြောင်းကြီးကို အနက်(၁၀)ပေ အထိ တူးပေးနိုင်ခြင်းနှင့် ရေတင်စီမံကိန်းပင်မမြောင်းမကြီး ရေစိမ့်ထွက်မှု မရှိအောင် ရေထိန်းနံရံများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသဖြင့် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရကိုယ်စား ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှကျေးရွာရဲ့ အနောက်ဘက် (၂)မိုင်ခန့် အကွာမှာ ဘူးတောင်းချောင်းကို ပိတ်ပြီးတော့ တည်ဆောက်ထားတဲ့ အလောင်းစည်သူကန်ဟာ ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့တဲ့ မြေသားရေလှောင်ကန်တစ်ခု ဖြစ်ပါတယ်။ ၁၉၅၆-၅၇ ခုနှစ်မှာ မွမ်းမံပြင်ဆင်ခဲ့ပါတယ်။ မြောက်ကန် နှင့် တောင်ကန်ဟူ၍ ခွဲခြားထားတဲ့အတွက်ကြောင့် ဘူးတောင်းချောင်းရေဟာ မြောက်ကန်အတွင်းသို့ ဦးစွာဝင်ရောက်ပြီးတော့ တောင်ကန်ကို ရေထုတ်ပေးနိုင်ရန် မြောက်ကန်ရဲ့ ရေပိုလွှဲမှာ (၃)ပေ အချင်း ရှိတဲ့ ကွန်ကရစ်ပိုက်နဲ့ ဆက်သွယ်ထားပါတယ်။ အလောင်းစည်သူကန်ဟာ တည်ဆောက်ခဲ့တဲ့ ကာလ ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့် ကန်တွင်းသဲနုန်းပို့ချမှုကြောင့် ရေသိုလှောင်မှုပမာဏ တဖြည်းဖြည်း လျော့နည်းလာခဲ့ပါတဲ့အတွက်ကြောင့် ယခင်က (၄၉၀၁)ဧကပေ သိုလှောင်နိုင်ခဲ့သော်လည်းပဲ ယခု အခါမှာ (၁၄၆၈)ဧကပေသာ သိုလှောင်နိုင်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဆည်ရေသောက် ဧရိယာ အတွင်း စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် သီးနှံစိုက်ဧကများ လျော့နည်း လာတဲ့အတွက် နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

အလောင်းစည်သူကန်ဟာ သဲနုန်းပို့ချ လာမှုကြောင့် တဖြည်းဖြည်း တိမ်ကောလာရာ ယခုအခါမှာ ခန့်မှန်းတွက်ချက်မှုအရ ပျမ်းမျှ (၃၄၃၃)ဧကပေခန့် သဲနုန်းပို့ချနေတဲ့အတွက်ကြောင့် တူးဖော်ရမည့် သဲနုန်းပမာဏဟာ ကျင်းပေါင်း (၁၄.၉၅)သိန်း ခန့်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ ကန်အတွင်းမှ တူးဖော်ထွက်ရှိလာတဲ့ သဲနုန်းမြေကြီးများကို ကန်ပေါင်တောင့်တင်းခိုင်မာစေရန်အတွက်ကို

ကန်ပေါင်ရဲ့ D/S ပိုင်းမှာ တာထောက် တည်ဆောက်ခြင်းလုပ်ငန်းမှာ ပြန်လည်အသုံးပြု ပြီးတော့ ကျန်သဲနုန်းများကို ပလပ်မြေနေရာမှာ စနစ်တကျ စွန့်ပစ်သွားမှာ ဖြစ်ပါတယ်။ ယင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်ရရှိပြီး ဖြစ်တဲ့အတွက်ကြောင့် ၂၁-၇-၂၀၁၃ ရက်နေ့မှ စပြီးတော့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အလောင်းစည်သူကန်အတွင်း သဲနုန်းပို့ချမှုလျော့နည်းစေရေး၊ ရေကြီးရေလျှံ ဖြစ်ပေါ်မှု ကာကွယ်နိုင်ရေး၊ ၎င်းကန်ရဲ့ ဆည်ရေသောက်ဧရိယာ (၁၁၀၂၂)ဧက အတွက် စိုက်ပျိုးရေ လိုအပ်ချိန်မှာ ရေကူဖြည့်ဆည်းပေးနိုင်ရေးနဲ့ အလောင်းစည်သူကန်ရဲ့ တောင်ဘက်မှာရှိတဲ့ ရုံးစုရေလွှဲ ဆည်ကိုလည်း စိုက်ပျိုးရေ ဖြည့်ဆည်းပေးနိုင်ပြီးတော့ နှစ်စဉ်ကျိုးပေါက် ပျက်စီးမှုဖြစ်ပေါ်ခြင်းမှ ကာကွယ် ပေးနိုင်ရေးတို့အတွက်ကို အလောင်းစည်သူကန်ရဲ့ အထက်ဘက်မှာရှိတဲ့ ချောင်းဖုံချောင်း ပေါ်မှာ ချောင်းဖုံ ရေလှောင်တမံ( အလောင်းစည်သူ ရေကူတမံ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေမှာ အကြိုတည်ဆောက်ခြင်း လုပ်ငန်းများအနေနဲ့ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာတွက်ချက်မှုများ လုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်းနဲ့ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာတိုင်းတာ တွက်ချက်ပြီးသော အချက်အလက်များအပေါ် အခြေခံပြီးတော့ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ဒီဇိုင်းနဲ့ ပုံထုတ်ဌာနခွဲမှ အတည်ပြုရေးဆွဲပြီးတော့ ဒီဇိုင်းပုံစံများ ရရှိပြီး ဖြစ်ပါတယ်။ ယခုအချိန်မှာ တမံဖို့မြေအတွက် မြေငှားယူမည့်နေရာရှာဖွေ စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အလောင်းစည်သူ ကန်ရဲ့ ဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ တူးမြောင်းများမှာလည်း တည်ဆောက် အသုံးပြုခဲ့တဲ့ နှစ်ကာလကြာမြင့်တဲ့အတွက်ကြောင့် တူးမြောင်းများအတွင်း သဲနုန်းပို့ချခြင်း၊ တူးမြောင်းဘောင်များ ပုံစံကျမရှိခြင်း၊ တူးမြောင်း အဆောက်အဦအချို့ ပျက်စီးနေခြင်းတို့ကြောင့် စိုက်ပျိုးရေ ပေးဝေ ရာမှာ မူလဒီဇိုင်း ရေထုစီးနှုန်းအတိုင်း ပေးလွှတ်နိုင်ခြင်း မရှိတဲ့ အတွက်ကြောင့် သီးနှံစိုက်ဧကများ လျော့နည်းခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် တူးမြောင်းများ သဲနုန်းတူးဖော်ခြင်း၊ ပုံစံကျပြုပြင်ခြင်းများနဲ့ တူးမြောင်း အဆောက်အဦများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးပြု ငွေစာရင်း ခေါင်းစဉ်အောက်မှာ (၀၄၀၉) အထူး ပြုပြင်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေမှ ရန်ပုံငွေ ခွဲဝေချထားပြီးတော့ ဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အလောင်းစည်သူကန်မှာ သဲနုန်းပို့ချခြင်းကြောင့် သိုလှောင်နိုင်တဲ့ ရေပမာဏလျော့နည်း လာခဲ့တဲ့အတွက်ကြောင့် နှစ်စဉ် ရေကျော် လျှံကျတဲ့ ပမာဏဟာ များပြားခဲ့ပါတယ်။ ဒီလို ပိုလျှံရေများကြောင့် ရေပိုလွှဲများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ မိုးရွာသွန်းမှုများတဲ့အတွက်ကြောင့် ကန်တွင်း ရေဝင်ရောက်မှု များပြီးတော့ ရေပိုလွှဲမှ လျှံရေများ များပြားခဲ့ခြင်းကြောင့် အလောင်းစည်သူကန်ရဲ့ မြောက်ရေပိုလွှဲ နဲ့တောင်ရေပိုလွှဲများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် ပိုပြီးတော့ မပျက်စီးစေရန် တောင်ရေပိုလွှဲ ပြုပြင်ခြင်းလုပ်ငန်းနဲ့ မြောက်ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းများကို

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ တောင်ရေပိုလ္လဲ အခိုင်အမာပြုပြင်ခြင်းနဲ့ ရေလမ်းကြောင်း ချဲ့ထွင်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်အစိုးရ အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ နိုင်ငံတော်အတွင်းမှာရှိတဲ့ မြို့ပြများ၊ ကျေးရွာများ လျှပ်စစ်မီးအလင်းရောင် ရရှိရေးအတွက်ကို အစွမ်းကုန် ကြိုးစားဆောင်ရွက်နေရတဲ့ အခြေအနေမှာ ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ယနေ့အချိန်အထိ လျှပ်စစ်အလင်းရောင် ရရှိရေးအတွက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အသေးစားရေအားလျှပ်စစ်စက်ရုံ(၉)ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်ရုံ(၃၃)လုံးတို့ဖြင့် မြို့ကြီးများကို အဓိကထားပြီးတော့မှ နီးစပ်ရာ ကျေးရွာများ အပါအဝင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက်ကို ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေ့ဆက်လက်ဆောင်ရွက်ပေးမယ့် လျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်းများမှာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ(၆၆) ကေဗွီအေ မဟာဓာတ်အားလိုင်း၊ ဂန့်ဂေါ-ဟားခါး(၅၈)မိုင်နဲ့ ခွဲရုံများ တည်ဆောက်ခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ (၆၆)ကေဗွီအေ မဟာဓာတ်အားလိုင်း ဟားခါး-ဖလမ်း-သိုင်းငင်း မိုင်(၅၀)နဲ့ ခွဲရုံများ တည်ဆောက်ခြင်း၊ ပေါက်-မင်းတပ် (၆၆)ကေဗွီအေ ဓာတ်အားလိုင်း(၃၅)မိုင် ခွဲရုံများ တည်ဆောက်ခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သိုင်းငင်-ကလေး-ကလေးဝ (၆၆)ကေဗွီအေ ဓာတ်အားလိုင်း (၃၀)မိုင်နဲ့ ခွဲရုံများ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အလင်းရောင် အတွက်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်မည့်အပြင် အခြားစက်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ကျေးရွာများ မီးလင်းရေးအတွက်ကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားသတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း(၅၀)လျာထားခဲ့ပြီးတော့ ဆောင်ရွက်ပြီးစီးမှုမှာ ပြည်ထောင်စု သစ်တောဝန်ကြီးဌာနရဲ့ လှူဒါန်းမှုနဲ့ (၂၇)ရွာ၊ စက်မှုဝန်ကြီးဌာနရဲ့ လှူဒါန်းမှုနဲ့ (၃)ရွာ၊ ပြည်နယ်အစိုးရရဲ့ ပံ့ပိုးမှုနဲ့(၂)ရွာ၊ စုစုပေါင်း(၃၂)ရွာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် လျာထားကျေးရွာ (၅၀)ဖြစ်ပြီးတော့ နိုင်ငံတော်မှ ပံ့ပိုးကူညီသော ကျပ်သန်း (၁၀၀၀)၊ သန်း(၂၀၀၀) အစီအစဥ်နဲ့ ရွာ(၇၀) မီးလင်းရန် စီစဥ်ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းအနက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း(၃၂)ရွာမှာ မီးလင်းပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လျာထားကျေးရွာအနေနဲ့ ရွာ(၅၀)ဖြစ်ပြီး၊ ယခုလက်ရှိဆောင်ရွက်နေတဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်ကျန်တဲ့ (၃၈)ရွာအနက် (၁၄)ရွာမှာ ယနေ့အချိန်အထိ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်(၂၄)ရွာအား လျှပ်စစ်မီးလင်းရန် ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့မှာလည်း ရွာ(၅၀)စီ မီးလင်းရန် လျာထားသတ်မှတ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်မှာ ကျေးလက်ဒေသ မီးလင်းနိုင်မှု အခြေအနေမှာ ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာစုစုပေါင်းရဲ့ (၄၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။ လက်ရှိ ချင်းပြည်နယ်အတွင်း

ထင်းအစားလောင်စာအနေနဲ့ လျှပ်စစ်ဓာတ်အားဖြင့် အပြည့်အဝမရှိသေးတဲ့ အတွက်ကြောင့် မိမိတို့ လောင်စာအတွက်ကို ရှေ့ရေးကို မျှော်မှန်းပြီးတော့ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များမှာ ထင်းစိုက်ခင်းများ စိုက်ပျိုးသွားရန် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြားမြို့နယ်များနည်းတူ ဟာခါးမြို့နယ်မှာလည်း ဆောင်ရွက်လျက်ရှိပြီးတော့ ကျေးရွာ တောင်သူများ နေထိုင်စားသောက်ရေးအတွက် ထင်း၊ မီးသွေးကိုသာ အဓိက စီမံဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။

ချင်းပြည်နယ် တစ်ခုလုံးရဲ့ ထင်း၊ မီးသွေးအစား Gas မီးဖို သို့မဟုတ် Solar ဖြင့် နေ့စဥ် ချက်ပြုတ်ရေးစီမံကိန်း၊ စီမံချက်ဆောင်ရွက်ရန် မရှိသေးပါကြောင်းနဲ့ Solar စနစ်မှာလည်း လျှပ်စစ်မီးအလင်းရောင်ရရှိရေးကိုသာ အဓိကထားပြီးတော့ စီစဥ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၄င်း မေးခွန်းနှင့် ပတ်သက်ပြီး အောင်ပင်လယ် လျှပ်စစ်ရေတင်လုပ်ငန်းဟာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်မှာ ရှိပြီးတော့ တောင်မန်းမြောင်းမှ ရေကို RD (၆၅၀၀၀) တွင် ရှိတဲ့ Direct Outlet မှတစ်ဆင့် အောင်ပင်လယ်ကန်အတွင်းကို ဖြည့်သွင်းကာ အောင်ပင်လယ်ကန်မှတစ်ဆင့် (၄ ပေ x ၄ ပေ) အရွယ် ရေခေါ်မြောင်း(၁၂၀၀)ပေနဲ့ ရေစုကန်ကို ရေခေါ်ယူပြီးတော့ ရေစုပ် တင်ပြီး စိုက်ပျိုးရေပေးဝေတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အောင်ပင်လယ် ရေတင်လုပ်ငန်းဟာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၀၇-၂၀၀၈ မိုးစပါးမှ စပြီးတော့ ရေပေးဝေခဲ့ပါတယ်။ အကျိုးပြုဧက(၁၅၀) ဖြစ်ပြီးတော့ နှစ်အလိုက် မိုးစပါး စိုက်ပျိုးမှုမှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈မှာ လျာထားဧက (၁၀၀)၊ စိုက်ဧက (၈၃)၊ ၂၀၀၈-၂၀၀၉မှာ လျာထားဧက(၁၅၀)၊ စိုက်ဧက(၁၅၁)၊ ၂၀၀၉-၂၀၁၀မှာ လျာထားဧက(၂၀၀)၊ စိုက်ဧက(၂၀၀)၊ ၂၀၁၀-၂၀၁၁ မှာ လျာထားဧက(၂၀၀)၊ စိုက်ဧက(၂၀၀)၊ ၂၀၁၁-၂၀၁၂ မှာ လျာထားဧက(၂၃၃)၊ စိုက်ဧက (၂၃၃)၊ ၂၀၁၂-၂၀၁၃ မှာ လျာထားဧက(၂၃၃)၊ စိုက်ဧက(၂၃၃)၊ အောင်ပင်လယ် လျှပ်စစ်ရေတင် လုပ်ငန်းမှာ ၁၅ Kv Motor နဲ့ 2 Cauecs Pump(၃)စုံ ကို တပ်ဆင်ပေးထားပါတယ်။ အကျိုးပြု ဧက(၁၅၀)ဖြစ်ပြီးတော့ အလှည့်ကျစနစ်နဲ့ ပန့်(၂)လုံး တစ်ပြိုင်တည်း မောင်းနှင်ရေပေးဝေခြင်း အားဖြင့် အကျိုးပြုဧက အပြည့်အဝရေလုံလောက်စွာ ပေးဝေနိုင်ပါတယ်။

သို့သော်လည်းပဲ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ တောင်သူများရဲ့ ဆန္ဒအလျောက် တိုးချဲ့စိုက်ပျိုး လိုကြောင်း တင်ပြလာတဲ့အတွက်ကြောင့် ဧက(၂၀၀) လျာထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်က စတင်ပြီးတော့ (၂၃၃)ဧကအထိ တိုးချဲ့စိုက်ပျိုးလာပါတယ်။ ဧကတိုးချဲ့ခြင်းအတွက် ရေလုံလောက်မှုရှိစေရန် ရေကော်မတီများ ဖွဲ့စည်းခြင်း၊ ရေလှည့်ဇယား လိုက်နာခြင်းများ မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တောင်သူများအား အသိပေးပြောကြားခဲ့ပါတယ်။ ဧက တိုးချဲ့ စိုက်ပျိုးသည့်အတွက် ရေတင်စက်(၂)လုံး တစ်ပြိုင်တည်း မောင်းနှင်ခြင်းဖြင့် လုံလောက်မှု မရှိတော့ဘဲနဲ့ လိုအပ်ချက်ပေါ်မှာ မူတည်ပြီးတော့ (၃)လုံး တစ်ပြိုင်တည်း ဖြည့်စွက် မောင်းနှင်

ပေးလျက် ရှိပါတယ်။ စိုက်ပျိုးခဲ့တဲ့ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိပါကြောင်းနဲ့ ရေတင်ခကိုလည်း တောင်သူများမှ ပေးသွင်းကြပါကြောင်း ဖြေကြားအပ်ပါတယ်။

ရေတင်လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ချိန်မှာဌာနက ဆောင်ရွက်ပေးခဲ့တဲ့ ရေခေါ်မြောင်းဟာ ပေ(၉၀၀) ရှည်ပြီးတော့ Start Point Bed Level RL မှာ(92.32) ဖြစ်ပြီး တော့ End Point ရဲ့ RL မှာ(91.96) ဖြစ်ပါတယ်။ Bed Slope က (၁)အချိုး(၂၅၀၀) ဖြစ်ပါတယ်။ ယခုအခါ ရေခေါ်မြောင်းမှာ ရှေ့ကို (၃၀၀)ပေ ထပ်မံတိုးချဲ့ပြီးတော့ စုစုပေါင်း ပေ(၁၂၀၀) ဆောင်ရွက် ထားရှိပြီး ဖြစ်ပါတယ်။ အောင်ပင်လယ်ကန်အစပ်မှာ ရေစုကန်အနေနဲ့ စုစုပေါင်းပေ (၂၆၀၀) ကျော်ရှိတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင် ပါရှိသည့်အတိုင်း အောင်ပင်လယ်ကန်အစပ်အထိ ရေခေါ်မြောင်းတူးဖော်မည်ဆိုပါက (၁၄၀၀)ပေခန့် ထပ်မံတူးဖော်ရမည် ဖြစ်ပါတယ်။ ယခုအချိန်ဟာ မိုးရာသီဖြစ်ပြီးတော့ မိုးစပါး အတွက် ကန်အတွင်းသို့ ရေဖြည့်ပြီး ဖြစ်ခြင်းတို့ကြောင့် ရေခေါ်မြောင်းတိုးချဲ့တူးဖော်ရန် မြေတူးစက် ဝင်၍ မရတဲ့အတွက်ကြောင့် လက်ရှိအနေအထားအရ တူးဖော်ရန် အစီအစဉ်မရှိသေး ပါကြောင်းနှင့် ပွင့်လင်းရာသီ ရောက်တဲ့အချိန်မှာ ဒေသအာဏာပိုင်များ၊ ဆည်မြောင်းဦးစီးဌာန မှ ကျွမ်းကျင်ပညာရှင်များ၊ နယ်မြေခံတောင်သူများနဲ့ ပူးပေါင်းပြီးတော့ ဖြစ်နိုင်ခြေရှိတဲ့ Level အတိုင်း ဆောင်ရွက်ပေး သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အောင်ပင်လယ် လျှပ်စစ်ရေတင်လုပ်ငန်းရဲ့ ပင်မမြောင်းဟာ (၄ ပေ x ၄ ပေ)အရွယ် ပေ (၃၇၀၀) ဖြစ်ပါတယ်။ Bed Level RL မှာ Start Point က (၁၂၄.၆) ဖြစ်ပြီးတော့ End Point ဟာ (၁၂၃.၁၂) ဖြစ်ပါတယ်။ Bed Slope ဟာ (၁)ပေအချိုး(၂၅၀၀) ဖြစ်ပြီးတော့ Side Slope က (၁)အချိုး(၁) ဖြစ်ပါတယ်။ ပင်မမြောင်းတွင် ရေငြိမ်ကန်အထွက်မှာ ပေ(၅၀) အုပ်စီထားပြီးတော့ ကျန်ရှိသည့် (၃၆၅၀)ပေဟာ မြေသားမြောင်း ဖြစ်ပါတယ်။ နွေစပါး ရေပေးဝေခြင်း မရှိတဲ့အတွက် ကြောင့်၊ ရေတင်လုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့် မိုးစပါးရေပေးဝေမှုလုပ်ငန်း မဆောင်ရွက်မီ မြောင်း ပြုပြင်ခြင်း၊ ထူးပေါက်များ ပိတ်ဆို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါတယ်။ ယခုနှစ် မိုးစပါးရေပေး ဝေခြင်း မပြုမီမှာလည်း မြောင်းများ ပြုပြင်ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်နဲ့ ရန်ပုံငွေ ကျပ်(၁၂)သိန်း၊ (၈)သောင်း ချမှတ်ပေးပြီးတော့ ပြုပြင်ခဲ့ခြင်း ဖြစ်ပါတယ်။ အောင်ပင်လယ် လျှပ်စစ်ရေတင်မြောင်းရဲ့ ဘေး/ဘယ်/ညာ တစ်လျှောက်လုံးဟာ လယ်ကွင်းများ ဖြစ်တဲ့အတွက်ကြောင့် အကယ်၍ မြောင်းမှ ရေစိမ့်ထွက်မှု ဖြစ်ပေါ်ပါကလည်း လယ်ကွင်းများ အတွင်းသို့သာ ရောက်ရှိမှာဖြစ်ပြီးတော့ အခြားကို လေလွင့်မှု မရှိနိုင်ပါကြောင်းနှင့် လိုအပ်တဲ့ နေရာများကို ရေ အလေအလွင့်မရှိဘဲ အချိန်နှင့် တစ်ပြေးညီ ရောက်ရှိစေရန် (၄ ပေ x ၄ ပေ) ပင်မမြောင်းအုတ်စီခြင်း လုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာအုပ်စု၊ ဝက်လွတ်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနအဆင့်မှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိနိုင်ရေးကိစ္စ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ဟာ ရပ်ကွက်ကျေးရွာအုပ်စု(၄၃)အုပ်စု၊ ကျေးရွာပေါင်း(၁၄၅)ရွာ၊ ရပ်ကွက်ငယ်ပေါင်း(၁၀၄)ရပ်ကွက်၊ လူဦးရေ(၁၅၂၁၈၈)ဦးဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်မှာ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် မြို့နယ်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၀)ခု၊ ကျောင်းကျန်းမာရေးဌာနတစ်ခုတို့ဖြင့် မြို့နယ်ပြည်သူလူထုရဲ့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖွင့်လှစ်စောင့်ရှောက်လျက်ရှိပါတယ်။ ရေနံချောင်းမြို့နယ်ရှိ ကျေးလက်ကျန်းမာရေး(၆)ခုထဲမှာ ဝက်လွတ်ကျေးရွာ အုပ်စု၊ ဝက်လွတ်ကျေးရွာ ကျန်းမာရေးဌာနခွဲဟာ ၁၉၈၆ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိဆိုလျှင် (၂၇)နှစ်ကြာ ဖွင့်လှစ်ခဲ့သော ကျန်းမာရေးဌာနတစ်ခု ဖြစ်ပါတယ်။ ဝက်လွတ်ကျေးရွာ ကျန်းမာရေးဌာနဟာ ရေနံချောင်းမြို့နယ်ရဲ့ အနောက်တောင်ဘက် (၁၀)မိုင်ခန့်ကွာဝေးပြီးတော့ မကွေးမြို့နယ်၏ အနောက်မြောက်ဘက် (၂၅)မိုင်ကွာဝေးကာ ပွင့်ဖြူမြို့နယ်၏ အရှေ့ဘက်(၁၅)မိုင်အကွာအဝေးမှာ တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖြစ်ပါတယ်။ ရေနံချောင်းမြို့၊ မကွေးမြို့တို့နှင့်

ဧရာဝတီမြစ်မကြီး မြစ်လက်တက်နှစ်ခု ခြားနေခြင်း၊ ပွင့်ဖြူမြို့နယ်နှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် ပြည်သူများ ကျန်းမာရေး ဆေးကုသမှုခံယူခွင့် ချို့တဲ့စွာ ခံစားနေကြရပါတယ်။

ရေနံချောင်းမြို့နယ်၊ ဝက်လက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှာ ဝက်လက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၈၂၈)အိမ်၊ အိမ်ထောင်စု(၉၁၈) စု၊ လူဦးရေ (၃၃၄၆)ဦး၊ ရုံးဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၂၈၂)အိမ်၊ အိမ်ထောင်စု(၂၈၂)စု၊ လူဦးရေ(၁၄၀၆)ဦးနှင့် ဝက်မစွပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၁)ရွာ၊ အိမ်ခြေ(၁၀၈)အိမ်၊ အိမ်ထောင်စု(၁၉၀)စု၊ လူဦးရေ(၇၆၀)ဦး၊ ပွင့်ဖြူမြို့နယ် ဆယ်မုန်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၈၉၀)အိမ်၊ အိမ်ထောင်စု(၉၁၈)စု၊ လူဦးရေ(၃၃၄၆)ဦး၊ နောင်ကျုံကျေးရွာ အတွင်းရှိ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၅၆၀)အိမ်၊ အိမ်ထောင်စု(၅၂၈)စု၊ လူဦးရေ(၂၃၄၈)ဦး၊ ရွှေလှေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၇)ရွာ၊ အိမ်ခြေ(၁၁၅၄)အိမ်၊ အိမ်ထောင်စု(၁၂၀၀)၊ လူဦးရေ(၄၆၆၀)ဦး၊ အရှေ့လေးအိမ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၃၁၈)အိမ်၊ အိမ်ထောင်စု(၃၃၀)စု၊ လူဦးရေ(၁၅၆၉)ဦး ရှိကြသော ကျေးရွာအုပ်စုအသီးသီးမှ ပြည်သူလူထုတို့ဟာ ဝက်လွတ်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနကို အမှီပြုပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြရပါတယ်။

ရေနံချောင်းမြို့နယ်မှ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၁၁)ရွာ၊လူဦးရေ(၅၅၁၂)ဦးနှင့် ပွင့်ဖြူမြို့နယ်မှ ကျေးရွာအုပ်စု(၄)အုပ်စု၊ ကျေးရွာ(၂၁)ရွာ၊ လူဦးရေ(၁၁၉၂၃)ဦးတို့ဟာ ကျေးလက်ကျန်းမာရေးဌာနအဆင့် တစ်ခုတည်းဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းဖြင့် ပြည့်စုံလုံလောက်မှု မရှိခဲ့ပါ။ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ပေါ်ပေါက်လာသည်နှင့် ကျေးရွာများရှိ ပြည်သူများဟာ ရေနံချောင်းမြို့နှင့် မကွေးမြို့များသို့ ဧရာဝတီမြစ်မကြီးကို ဖြတ်သန်းပြီးတော့ အန္တရာယ်ကြီးစွာ သွားရောက်ဆေးကုသမှု ခံယူနေကြရပါတယ်။ ရာသီဥတု ဆိုးရွားချိန်နှင့် မြစ်ရေကြီးမှု ဖြစ်သည့်အခါတိုင်းမှာ ဧရာဝတီမြစ်ကိုဖြတ်၍ သွားရောက် ဆေးကုသမှု မပြုနိုင်သည့်အတွက် မဆုံးရှုံးသင့်သည့် အသက်အန္တရာယ်များ ပျက်စီးဆုံးရှုံးမှုများစွာဖြင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါတယ်။

ဒါကြောင့် ဧရာဝတီမြစ်မကြီးနှင့်မြစ်လက်တက်(၂)ခု ပိုင်းခြားထားသော ဝက်လွတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်၍ ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ခဲ့ပါလျှင် ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်စပ်ရှိ အိမ်ခြေ(၄၂၁၂)အိမ်၊ အိမ်ထောင်စု(၄၄၂၆)စု၊ လူဦးရေ(၁၇၄၃၅)ဦးတို့၏ ကျန်းမာရေး ဆေးကုသခံယူမှု စိတ်ချမ်းမြေ့စွာ ခံစားကြရမှာ ဖြစ်ပါတယ်။

သို့ပါ၍ ဝက်လွတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့် သို့ အဆင့်တိုးမြှင့်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်ကာလတွင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည် ကို သိရှိလိုပါသဖြင့် ကျေးလက်နေ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များနှင့်တကွ ပူးတွဲ၍ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တာပွန်တိုက်နယ်ရှိ (၁၆)ခုတင်ဆံ့ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံ တိုးမြှင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် က ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တာပွန်တိုက်နယ်ရှိ (၁၆)ခုတင်ဆံ့ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံ တိုးမြှင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစိုးရအဖွဲ့ အစည်းဝင်များ၊ ဧည့်သည်တော်များခင်ဗျာ၊ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၊ တာပွန် တိုက်နယ်မှာရှိတဲ့ (၁၆)ခုတင်ဆံ့ဆေးရုံကို စံကိုက်ဆေးရုံဖြစ်ရေးအတွက် တိုးမြှင့်ချထားပေးဖို့ မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၄င်းဆေးရုံနဲ့ ပတ်သက်ပြီး ကျွန်တော် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာနကို အောက်ခြေအဆင့်မှာရှိတဲ့ တာဝန်ခံ ဆရာဝန်၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနက စာများနဲ့အတူ ကျွန်တော်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး စံကိုက်ဆေးရုံဖြစ်ရေးကို တင်ပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာရှိတဲ့ ယခု လက်ရှိဆရာဝန်က ကျန်းမာရေးစောင့်ရှောက်မှု ကောင်းတဲ့အတွက် အဲဒီတာပွန်တိုက်နယ် ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေမှာရှိတဲ့ လူနာတွေဟာ၊ အတွင်း/အပြင် လူနာတွေဟာ ဒီဆေးရုံကို အားကိုးအားထား ပြုပြီးလာကြပါတယ်။ ဒါကြောင့် ဆေးရုံမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ လူနာရဲ့ များပြားမှုကြောင့် မမျှ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီ တာပွန်တိုက်နယ် ဆေးရုံကို စံကိုက်ဖြစ်ရေးအတွက်ကို ၂၀၁၁ ခု ကတည်းက တင်ပြထားပါတယ်။ အခုအခါမှာလည်း ကျွန်တော်တို့ တာပွန်တိုက်နယ်ဆေးရုံကို တိုင်းဒေသကြီး ရန်ပုံငွေနဲ့ သိန်း(၅၀) ချပေးလိုက်တဲ့အတွက် ကျွန်တော်တို့ လက်ရှိ ပြည်သူလူထု ထည့်ဝင်ငွေနဲ့အတူ ခွဲစိတ်ခန်း အဆောက်အဦကိုလည်း သီးခြား ဆောက်လုပ် ပြီးပါပြီ။ ခွဲစိတ်ခန်းအဆောက်အဦအတွက်လည်းပဲ တကယ်လို့ မီးပြတ် သွားရင်လည်းပဲ ကျွန်တော်တို့ မီးစက်ကအစ အားလုံး လှူဒါန်းပြီးပါပြီ။ ဒါကြောင့် ကျွန်တော့် အနေနဲ့ တင်ပြချင်တာ ကတော့ လက်ရှိအင်အားက ဆရာဝန်(၁)ယောက်ပဲ ရှိပါတယ်။ သူနာပြု ဆရာမ (၁)ယောက်ပဲ ရှိပါတယ်။ အကူက (၅)ယောက်ပဲ ရှိပါတယ်။

ဒါကြောင့် ၄င်း (၁၆)ခုတင်ဆံ့ဆေးရုံကို စံကိုက်တိုးမြှင့်ပေးနိုင်ပါရန် အချိန်ကာလ ကိုလည်း သိရှိပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော် က မေးမြန်းအပ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံတွင် ပျက်စီးချို့ယွင်းနေသော ကျား/မ လူနာဆောင်များနှင့် ဆေးရုံ အဆောက်အဦများအား R.C ကွန်ကရစ် အဆောက်အဦများအဖြစ် ဆောက်လုပ်ပေးရန်နှင့် အရာရှိနှင့် အခြားအဆင့် ဝန်ထမ်းအိမ်ရာများပါ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံတွင် ပျက်စီးချို့ယွင်းနေသော ကျား/မ လူနာဆောင်များနှင့် ဆေးရုံအဆောက်အဦများအား R.C ကွန်ကရစ် အဆောက်အဦများအဖြစ် ဆောက်လုပ်ပေးရန်နှင့် အရာရှိနှင့် အခြားအဆင့် ဝန်ထမ်းအိမ်ရာများပါ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အဦများ ပျက်စီးချို့ယွင်းနေမှုနဲ့ ၎င်းအဆောက်အဦများအား R.C အဆောက်အဦများအဖြစ် ပြန်လည်ဆောက်လုပ်ပေးပါရန်နှင့် အသစ် ဆောက်လုပ်ရန် လိုအပ်နေသော အဆောက်အဦများနဲ့ ပတ်သက်ပြီး တစ်ပါတည်း ဆောက်လုပ်ပေး နိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့ဟာ ငဝန်မြစ်ရေတိုက်စားပြီး ကမ်းပြိုမှုကြောင့် မြို့ ရပ်ကွက်အားလုံးနီးပါး ကမ်းပြိုကျခဲ့တဲ့အတွက် ၁၉၉၃ ခုနှစ်မှာ မြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ လယ်ကွင်းထဲကို မြို့သစ်အဖြစ် ပြောင်းရွှေ့ခဲ့ရပါတယ်။ အလားတူပဲ မြို့နယ်ပြည်သူ့ဆေးရုံကိုလည်း မြို့ကွက်သစ်သို့ ပြောင်းရွှေ့ခဲ့ရပါတယ်။ လေးမျက်နှာမြို့နယ်၊ ပြည်သူ့ဆေးရုံ ဆောက်လုပ်ထားတဲ့ မြေအနေအထားဟာ လယ်မြေဖြစ်တဲ့အတွက် အောက်ခံမြေသား တည်ငြိမ်မှု မရှိခြင်း၊ ငဝန်ရေကာတာ ကျိုးပေါက်ခဲ့တဲ့ ၁၉၉၇ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ်တို့မှာ သဘာဝဘေး အန္တရာယ် ဖြစ်တဲ့ ရေလွှမ်းမှုဒဏ်ခံရခြင်းတို့ကြောင့် အဆောက်အဦ အောက်ခြေကြမ်းခင်းများ နိမ့်ဝင်ကျွံကျခြင်း၊ နံရံများကွဲအက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ထို့အပြင် လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံကို (၁၆)ကုတင်ဆံ့ ဆေးရုံမှ (၂၅)ကုတင်ဆံ့ဆေးရုံအဖြစ်သို့ ၂၀၀၈ ခုနှစ်၊ ဇူလိုင်(၂၅)ရက်နေ့မှာ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဆေးရုံအဆောက်အဦများအနေနဲ့ တိုးချဲ့ခြင်းအနေနဲ့ အလျား(၂၆)ပေ၊ အနံ (၂၇)ပေ၊ အမြင့်(၁၂)ပေရှိတဲ့ ဓာတ်မှန်ခန်း(၁)ခန်းတိုးချဲ့ပေးနိုင်ခဲ့ပါတယ်။ ဆေးရုံကို မှီခိုနေတဲ့ နယ်မြေဧရိယာ ကျယ်ဝန်းလှတဲ့အတွက်လည်း နေ့စဉ်ပျမ်းမျှ ဆေးရုံတက်လူနာ(၃၀)နဲ့ (၄၀)ကြားခန့် ရှိနေပါတယ်။ ဆေးရုံအဆောက်အအုံများအနေနဲ့ တင်ပြလိုတာကတော့ (၁) ကျား/မ လူနာဆောင်များ၊ RC ကွန်ကရစ် မဟုတ်ဘဲနဲ့ အုတ်ညှပ်အဆောက်အဦများဖြစ်၍ အောက်ခံမြေသား

မငြိမ်၍လည်းကောင်း၊ ကြမ်းပြင်နဲ့ နံရံများကွဲအက်ခြင်း၊ အဆောက်အဦများ ကျဉ်းမြောင်းခြင်း။ (၂) မွေးဖွားဆောင်ကြမ်းခင်းများ ကွဲအက်ကျွံကျခြင်း၊ နံရံများ ကွဲဟနေခြင်းနဲ့ အလွန်အန္တရာယ် များလျက်ရှိခြင်း။ (၃) ပြင်ပလူနာဆောင်နှင့် ဆေးသိုလှောင်ခန်း ကျဉ်းမြောင်းလွန်းခြင်း၊ အလျားအနံ(၁၈)ပေနဲ့ အမြင့်(၁၂)ပေသာရှိခြင်း။ (၄) သင်တန်းခန်းမနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ရုံးခန်း၊ သွားကျန်းမာရေးဌာနအခန်းများ လုံးဝမရှိသေးခြင်း။ (၅)မြို့မ ကျန်းမာရေးဌာနနှင့် ကာကွယ်ဆေး သိုလှောင်ခန်း လုံးဝမရှိသေးခြင်း။ (၆) အရာရှိဆရာဝန်နေအိမ်များနှင့် အခြားအဆင့် ဝန်ထမ်း အိမ်ရာများ လုံးဝမရှိသေးခြင်း အစရှိသည့် ပျက်စီးနေသော အဆောက်အဦများနှင့် အသစ် ဆောက်လုပ်ရန် အဆောက်အဦများ လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံကြီး ချို့ယွင်းပျက်စီး နေသော ကျား/မ လူနာဆောင်များ၊ မွေးဖွားလူနာခန်း၊ ပြင်ပလူနာဆောင်နှင့် ဆေးသိုလှောင်ခန်းများ အသစ် ဆောက်လုပ်ပေးပါရန်နှင့် လုံးဝဆောက်လုပ်ရခြင်း မရှိသေးသည့် သင်တန်းခန်းမ၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးရုံးခန်း၊ သွားကျန်းမာရေးဌာနအခန်းများ၊ မြို့မကျန်းမာရေးဌာနနှင့် ကာကွယ်ဆေး သိုလှောင်ခန်းများအား RC ကွန်ကရစ် အဆောက်အဦများအဖြစ် ဆောက်လုပ် ပေးပါရန်နှင့် ဆရာဝန်အိမ်ရာများနှင့် အခြားအဆင့် ဝန်ထမ်းအိမ်ရာများပါ အသစ်ဆောက်လုပ် ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောက်လုပ်ပေးနိုင်မည် အစီအစဉ်များ သိရှိလိုပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၅။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမားရေးဝန်ကြီးဌာန)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းသော မေးခွန်းများ အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒေါက်တာသိန်းသိန်းဌေး ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံ အသစ် ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများအား တိုက်နယ်အဆင့်သို့ တိုးမြှင့်ခြင်း၊ ခုတင် အဆင့်မြှင့်တင်ခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများအရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့၏ ဒေသအလိုက်ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းစဉ်လျာထားချက်

များနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေ လူဦးရေသန်း(၄၀)ကျော်အတွက် ကျေးလက်ကျန်းမာရေးဌာနများကို လူဦးရေနှစ်သောင်းခန့်တွင် ဌာနတစ်ခုနှုန်းဖြင့် ဖြန့်ကျက်ဆောင်ရွက်ပေးနေရပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း မြို့နယ်မှာ ခုတင်(၅၀)ဆံ့ ရေနံချောင်းမြို့နယ်ပြည်သူ့ဆေးရုံ(၁)ရုံ၊ အင်းတော်တိုက်နယ်ဆေးရုံ(၁)၊ စုစုပေါင်း ဆေးရုံ(၂)ရုံ ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။

သို့ပါ၍ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ တိုးမြှင့်ဖွင့်လှစ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း၊ သို့ရာတွင် လူဦးရေ တစ်ခုတည်းကိုသာ ပုံသေအခြေခံခြင်း မဟုတ်သည့်အတွက် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ပြီး တင်ပြ ပါရန်နှင့် ဒေသစီမံကိန်းတွင် ထည့်သွင်းရေးဆွဲနိုင်ရေး အခြေအနေ လေ့လာတင်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင့်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် (၁၆)ခုတင်ဆံ့ တာပွန်တိုက်နယ်ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွင့်လှစ်ရန် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါတယ်ရှင်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာ မြို့နယ် ပြည်သူ့ဆေးရုံတွင် ပျက်စီးယိုယွင်းနေသော အမျိုးသား၊ အမျိုးသမီး လူနာဆောင်များနှင့် ဆေးရုံအဆောက်အဦများအား သံကူကွန်ကရစ်အဆောက်အဦများအဖြစ် ဆောက်လုပ်ပေးရေးနှင့် အရာရှိနှင့် အခြားအဆင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် လျာထားတင်ပြပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးမြင့်ထွန်းအနေနဲ့ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပုံနှိပ်ခြင်း နှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို စိစစ်တင်ပြတဲ့အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ မီဒီယာလောကကလည်း အထူးစိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ဒီဥပဒေကြမ်းဟာ ပြည်သူ့လွှတ်တော်က ကျွန်တော်တို့ဆီကို ဇူလိုင်လ ၄ ရက်နေ့ကတည်းက ပြင်ဆင်ချက်တွေနဲ့ ပေးပို့လိုက်တာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကို ကျွန်တော်တို့ကော်မတီက ဇူလိုင်လ ၂၄ ရက်နေ့မှာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ယာယီနဲ့ရော၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး အပါအဝင် အဖွဲ့နဲ့ရော ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ဒါကို လေ့လာ ပြီးတော့ အကြံပြုချက်တွေ၊ ပြင်ဆင်ချက်တွေနဲ့ ကျွန်တော်တို့ လေ့လာတွေ့ရှိချက်တွေကို တင်ပြ သွားပါမယ်။ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို လေ့လာကြတဲ့အခါမှာ အချက်(၁၂)ချက်လောက် လာတွေ့ပါတယ်။ ပထမအချက်ဖြစ်တဲ့ (က)အနေနဲ့တင်ပြရရင် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဒီဥပဒေကြမ်းရဲ့နိဒါန်းကို အရင်ဥပဒေတွေနဲ့ တူသွားအောင်လို့ အစားထိုးလိုပါတယ်။ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုပြီးတော့ ပြင်သင့်တယ်လို့ ကျွန်တော်တို့ တွေ့ကြ ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ (ခ)အနေနဲ့ ပုဒ်မ ၂(က) ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စိစစ်တဲ့အခါ ပုံနှိပ်စက်ဆိုတာ ပုံနှိပ်ဖို့ အသုံးပြုတဲ့ အင်ဂျင်စက် ဆိုပြီးတော့ ဖော်ပြထားတာ သွားတွေ့ပါတယ်။ ဒါဟာ တစ်ကိုယ်ရည်သုံး စက်ကိရိယာတွေနဲ့ ရောနိုင်လို့ ကွဲပြားသွားရအောင်၊ အဓိပ္ပာယ်ပိုပြီးတော့ ပြည့်စုံသွားရအောင် ပုံနှိပ်စက်ဆိုသည်မှာ အများနှင့်သက်ဆိုင်သော ဆက်သွယ်မှုလုပ်ငန်းအတွက် ပုံနှိပ်ရန် အသုံးပြုသည့်စက် ဆိုပြီးတော့ ပြင်သင့်တယ်လို့ ပြောလိုပါတယ်။ ဒ့ါအပြင် ပုဒ်မ၂(စ)မှာ ကြည့်မယ်ဆိုရင် သတင်းအေဂျင်စီ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပုဒ်မခွဲ(ည) ဝက်ဆိုက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေဟာ ဒီဥပဒေတွေနဲ့ မဆိုင်တာ တွေ့ပါတယ်။ ဒါတွင်မကဘဲနဲ့ ပုဒ်မ ၂(ဆ)(ဇ)(ဈ) တို့မှာလည်းပဲ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်တို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ ထုတ်ဝေစာ ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အကျုံးဝင်နေပြီး ဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့် ပယ်ဖျက်သင့်တယ်လို့ တွေ့ရပါတယ်။

တတိယအချက်အနေနဲ့ (ဂ)မှာ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အထဲမှာ ရည်ရွယ်ချက် မပြည့်စုံပါဘူး။ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုဖို့နဲ့ လွတ်လွတ်လပ်လပ် ရေးသားဖြန့်ဝေဖို့ ဆိုတာဟာ ကျင့်ဝတ်သိက္ခာနဲ့လည်း ပြည့်စုံဖို့လိုပါတယ်။ ဒါတွေကို ဥပဒေနဲ့ညီသွားအောင်လို့ ရည်ရွယ်ချက် တွေ များများထားရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခန်း(၂)ဖြစ်တဲ့ ရည်ရွယ်ချက်တွေ

အခန်းမှာ ပုဒ်မ ၃အနေနဲ့ နိုင်ငံတော်အတွင်း၌ အရည်အသွေးအဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသောပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများဖြစ်ထွန်းရေးကို ဦးတည်ရန်ဆိုပြီးတော့ ဖြည့်သင့်ပါတယ်။ ပုဒ်မ ၄ မှာလည်းပဲ ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိတို့၏ လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသော သီးခြားလုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းရန် ဆိုပြီးတော့ ဖြည့်သင့်တယ်လို့ ဆုံးဖြတ်ကြပါတယ်။ ပုဒ်မ ၅ မှာလည်းပဲ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း တို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့် တို့ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန် ဆိုပြီးတော့ ပြည့်ပြည့်စုံစုံ ဖြည့်သင့်ပါတယ်လို့ ဆုံးဖြတ်ကြပါတယ်။

စတုတ္ထအချက်အနေနဲ့ (ဃ)ပါ။ ပုဒ်မ ၂(ဠ)၊ ဇီဝသိပ္ပံပညာရပ်နဲ့ဆိုင်တဲ့ အပြောင်းအလဲတွေပါဖို့အတွက် ပုဒ်မခွဲငယ်(၃)ရဲ့ စာသားတွေအစား အဓိပ္ပာယ် ပိုပြီးတော့ ပြည့်စုံရအောင်လို့ ယင်းစကားရပ်တွင် ဇီဝသိပ္ပံနှင့် ဆေးပညာအရ လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံနှင့် ကိုးကွယ်ရာဘာသာအရလည်းကောင်း သဘောရိုးဖြင့်ဖော်ပြရန် လိုအပ်သောကိစ္စရပ်များ မပါဝင် လို့ ဒါပြင်သင့်ကြောင်း ကျွန်တော်တို့ တွေ့ရှိပါတယ်။ ထို့ပြင် ပုဒ်မ ၂ (ဠ)(ပ)(ဏ)၊ ပုဒ်မ ၃၊ ၄၊ ၅၊ ၆ တို့မှာ ကြည့်လိုက်ရင် ဝန်ကြီးဌာနကပဲ စနစ်တကျနဲ့ တာဝန်ယူ ကိုင်တွယ်ရမှာဖြစ်တော့ အရင်ကလို မှတ်ပုံတင်ဌာနတစ်ခုကို အရင်လို စနစ်ဟောင်းလို မသုံးနိုင်အောင် ကျွန်တော်တို့ မလိုအပ်တဲ့အတွက် ပုဒ်မ ၂(ဠ) နှင့် ပုဒ်မ ၂၅ တို့ကို ပယ်ဖျက်သင့်တဲ့အကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၃ ကိုလည်း အစားထိုးလိုပါတယ်။ ဘယ်လို အစားထိုးမလဲဆိုရင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည် ဆိုပြီးတော့ ပြင်သင့်ပါတယ်။

ဒါကို ပုဒ်မ ၆ ဆိုပြီးတော့ ဖော်ပြသင့်ပါကြောင်း ဆုံးဖြတ်ကြပါတယ်။ ပုဒ်မ ၄ မှာလည်းပဲ အစားထိုးသင့်တာက ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ လျှောက်ထားလာသူကို သတ်မှတ်သော အခကြေးငွေကို ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည် ဟု ပြင်သင့်ပါတယ်။ ဒါကို ပုဒ်မ ၇ လို့ ထားသင့်ပါတယ်။ ပုဒ်မ ၅ ကိုလည်းပဲ ပြင်ချင်ပါတယ်။ ဘယ်လိုပြင်မလဲဆိုရင် ကျွန်တော်တို့ လုပ်ငန်း အသိအမှတ်ပြု လက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန်ဖြစ်စေ လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည် လို့ ပြင်ဆင်ပြီးတော့ ပုဒ်မ ၈ ဆိုပြီးတော့ ထားသင့်ပါတယ်။ ပုဒ်မ ၆ ကိုလည်းပဲ အစားထိုးချင်ပါတယ်။ ပုဒ်မ ၈ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ခံရသူသည် ဝန်ကြီးထံ ပြန်လည်စိစစ် သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထား ခွင့်ရှိသည် လို့ ပြင်ဆင်ပြီးတော့ ပုဒ်မ ၉ အနေနဲ့ ထားသင့်ပါကြောင်း ဆုံးဖြတ်ကြပါတယ်။

ပဉ္စမအချက်အနေနဲ့ အပိုင်း(၅) ပုဒ်မ ၇ မှာ ပုံနှိပ်သူနှင့် ထုတ်ဝေသူ လိုက်နာဖို့လိုတဲ့ စည်းကမ်းချက်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ရအောင်၊ ခေတ်စနစ်နှင့်လည်း ညီသွားရအောင်လို့ အစားထိုးသင့်တာကတော့ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါ အချက်

တစ်ရပ်ရပ်တွင် အကျုံးဝင်သောထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရ လို့ ပြင်သင့်ပါတယ်။ အဲဒီ ပုဒ်မ ၇(က) ကိုလည်းပဲ  တိုင်းရင်းသားလူမျိုးအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်းလို့ ပြင်သင့်ပါတယ်။ ပုဒ်မ ၇(ခ)ကိုလည်းပဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးတို့ကို သော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်းလို့ ပြင်သင့်ပါတယ်။အဲဒီလိုပဲ ပုဒ်မ ၇(ဃ)ကိုလည်း ပြင်သင့်ပါတယ်။ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်သော ပြစ်မှု ကျူးလွန်ခြင်း တို့ကိုအားပေးခြင်း၊ လှုံ့ဆော်ဖော်ပြခြင်းဆိုပြီးတော့ ပြင်သင့်ကြောင်း တွေ့ကြရ ပါတယ်။ ပုဒ်မ ၇(င)ကိုလည်းပဲ နိုင်ငံအချင်းချင်း အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေနိုင်မည့် အကြောင်းအရာများ ဖော်ပြခြင်း လို့ ပြင်သင့်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြ ပါတယ်။

အချက်(၆)အနေနဲ့ (စ)ပါ။ တရားစီရင်ရေး လမ်းကြောင်းအတိုင်း တိတိကျကျ လိုက်နာဖို့ အတွက် ပုဒ်မ ၈ ကို အစားထိုးပြီး ပြင်ချင်ပါတယ်။ ဘယ်လို အစားထိုးမလဲဆိုရင်  သက်ဆိုင်ရာ အစိုးရ ဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ထိခိုက်နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ၊ ပုဒ်မ ၁၀ ပါ စည်းကမ်းချက်တစ်ရပ်ရပ် နှင့်ငြိစွန်းသည်ဟု သံသယရှိသော ထိုထုတ်ဝေစာနှင့် စပ်လျဉ်း၍ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာပေးနိုင်ရန် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားလာခြင်းကို သက်ဆိုင်ရာ တရားရုံးက အမြန်ဆုံး စစ်ဆေး စီရင်ရမည် လို့ ပြင်ဆင်ပြီး အစားထိုးချင်ပါတယ်။  ဒါကို ပုဒ်မ ၁၁ ဆိုပြီးတော့ ပြင်သင့်ပါတယ်။ ပုဒ်မ ၉ ကိုလည်း အစားထိုးချင်ပါတယ်။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာတရားရုံးက တရားဝင်ထုတ်ဝေစာ မဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာ မချ မှတ်မီ သံသယရှိသော ထုတ်ဝေစာကို ဖြန့်ချီခြင်းမပြုရန် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆိုင်းငံ့ထားနိုင်သည် လို့ ပြင်သင့်ပါတယ်။ ဒါကို ပုဒ်မ ၁၂ အနေနဲ့ ဖော်ပြပြီးတော့ ပုဒ်မ ၁၀ ကို ပယ်ဖျက်သင့်ကြောင်းဆုံးဖြတ်ကြပါတယ်။

အချက်(ဆ) အနေနဲ့ တင်ပြပါမယ်။ ပုဒ်မ ၁၁ နဲ့ ၁၂ တို့ကိုလည်း ပယ်ဖျက်သင့်တယ်လို့ ဆုံးဖြတ်ပါတယ်။ ပုဒ်မ ၁၃(က)ကိုတော့ အရေးအသား ကျစ်လျစ်ရအောင်  ခေတ်နဲ့လည်း ညီသွား ရအောင်လို့ ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် တင်သွင်းသော သို့မဟုတ် တင်ပို့သော ထုတ်ဝေစာနှင့် ပတ်သက်၍ ခေါင်းစဉ်အမျိုးအစားနှင့် အရေအတွက် စာရင်းကို သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည် ဆိုပြီးတော့ ပြင်သင့်ပါတယ်။ ပုဒ်မ ၁၃(ခ) ကိုလည်း ပြင်သင့်ပါတယ်။ ဘယ်လိုပြင်မလဲဆိုရင် ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါက ပုံနှိပ်သူ သည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည် ဆိုပြီးတော့ ပြင်သင့်ပါတယ်။ ပုဒ်မ ၁၄၊ ၁၅၊ ၁၆ နှင့် ၁၈ တို့ဟာလည်းပဲ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ လုပ်ငန်းတွေနဲ့ အကျုံးမဝင်လို့ ပယ်ဖျက်သင့်ပါတယ်။ ဒီလိုပဲ ပုဒ်မ ၁၉ လည်း ပယ်ဖျက်သင့် ပါတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။

အပိုဒ်(ဇ) ပုဒ်မ ၂၀ ကို ဥပဒေရေးထုံးနှင့် ညီညွတ်ရအောင်လို့ အစားထိုးလိုပါတယ်။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း ခံရစဉ်အတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ လို့ ပြင်သင့်ပါတယ်။ နောက်ပြီးတော့ မည်သူမျှ ပုဒ်မ ၁၀ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းမပြုရ ဆိုတဲ့ စကားရပ်နှင့် မည်သူမျှ ပုဒ်မ ၁၃ ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ခြင်း မရှိစေရ ဆိုတဲ့ စကားရပ်တွေကို ဥပဒေရေးထုံးနှင့် ညီညွတ်ရအောင်လို့ ပုဒ်မ ၁၆ နှင့် ၁၇ အဖြစ်နဲ့ ဖြည့်သင့်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။

အပိုဒ်(ဈ) အနေနဲ့ ပုဒ်မ ၂၁ နှင့် ၂၂ တို့ကိုကြည့်ရင် ဒါကတော့ ဒဏ်ကြေးတွေ များနေလို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုပြီးတော့ ဆီလျော်သွားအောင် ငွေဒဏ်ကျပ် သိန်းငါးဆယ်မှ သိန်းတစ်ရာအထိ ဆိုတဲ့ စာသားမှာ ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်မှ သိန်းငါးဆယ်အထိ လို့ ပြင်ထား ပါတယ်။ အဲသလိုပဲ ငွေဒဏ် ကျပ်သိန်းတစ်ဆယ်မှ သိန်းငါးဆယ်အထိ အစား ငွေဒဏ် ကျပ်သိန်း တစ်ဆယ်မှ သိန်းသုံးဆယ်အထိ လို့ ပြင်ပြီးတော့ ပုဒ်မ ၁၈ နှင့် ၁၉ အနေနဲ့ ပြောင်းလဲ အမှတ်စဉ် သွားသင့်ပါတယ်။ ပြီးတော့ ပုဒ်မ ၂၃ ကိုလည်း ဥပဒေရေးထုံးညီအောင် မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ငွေဒဏ်ကျပ် တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်လို့ ပြင်ပြီးတော့ ပုဒ်မ ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၂၄ ကလည်း ရာဇဝတ်မှုကြောင်းနဲ့ ဆိုင်တာတွေ တွေ့နေလို့ ဒါ ကျွန်တော်တို့ ကာလစည်းကမ်းသတ်မှတ်ဖို့ မသင့်ပါဘူး။ ဒါကို ပယ်ဖျက်သင့်ပါတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။

အပိုဒ်(ည)အနေနဲ့ တင်ပြပါမယ်။ ပုဒ်မ ၂၆(က) ဟာလည်း မလိုလို့ ပယ်ဖျက်သင့်ပါတယ်။ ဒါကို ဥပဒေရေးထုံးနှင့် ညီသွားရအောင်လို့ အောက်ပါထုတ်ဝေစာများသည် ဤဥပဒေအခန်း(၃)၊ အခန်း(၅)နှင့် အခန်း(၆) ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ ဆိုတဲ့ စာသားကို ပုဒ်မ ၂၂ အဖြစ်နဲ့ ဖြည့်သင့်တယ်လို့ ကျွန်တော်တို့ တွေ့ပါတယ်။ ပြီးတော့ မူလပြဋ္ဌာန်းချက်မှာပါတဲ့ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)(၂)(၃)(၄)(၅)(၆)တို့ကို ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)(ခ)(ဂ) (ဃ)(င)(စ) ဆိုပြီးတော့မှ ပြင်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဋ)ဖြစ်ပါတယ်။ ပုဒ်မ ၂၇ ကို ဖျက်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရည်ရွယ်ချက်မှာ သူတို့ကို ထည့်သွင်းပေးထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၂၈ ကိုလည်းပဲ ဖျက်ရမှာပါခင်ဗျာ။ ဘာဖြစ်လို့လဲ ဆိုတော့ ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ခွင့်ကို တားဆီးပိတ်ပင်ဖို့ မသင့်ဘူးလို့ ကျွန်တော်တို့ ယူဆကြပါတယ်။ ပုဒ်မ ၂၉ ဟာလည်းပဲ ဖျက်သင့်ပါတယ်။ အသစ် ပြဋ္ဌာန်းထားတဲ့ ဥပဒေအရပဲ ဆောင်ရွက်ဖို့ ဖြစ်တာကြောင့် ဖျက်ပါတယ်။ ဒါကြောင့် ၂၇၊ ၂၈၊ ၂၉ တို့ဟာ ပယ်ဖျက်သင့်ပါတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချပါတယ်။

နောက်ဆုံးအချက်အနေနဲ့ (ဌ)ပဲ ဖြစ်ပါတယ်။ ပုဒ်မ ၃၂(ခ)မှာ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူ များနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေး ကောင်စီ ဥပဒေအမှတ်၊ ၂၆ ) ကို ဥပဒေရေးထုံးနှင့် ညီသွားအောင်လို့ ၁၉၆၂ ခုနှစ်၊

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ဆိုပြီးတော့ ပြင်သင့်ပါတယ်။ ဒါကိုတော့ ပုဒ်မ ၂၄ အနေနဲ့ ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ဆုံးဖြတ်ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့သဘောထား မှတ်ချက်တင်ပြပါမယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီးမှ ပြင်ဆင်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ဖို့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ(၂)ဃကို ပြန်ကြည့်လိုက်ပါ။ ပြင်ချင်တာ ပုဒ်မ၂၊ ပုဒ်မခွဲ(ဍ)(ပ)(ဏ) မှန်ရဲ့လားမသိဘူး။ မှန်တယ်နော်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၈-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၂၃) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၈) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဦးကျော်ကျော် (ဥပဒေကြမ်းကော်မတီဝင်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်က ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၁၂

၁။ ပြည်ထောင်စုလွှတ်တော်က ၆-၁၂-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ ကုန်စည်အမှတ် အသားများ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေး နိုင်ရန် ပေးပို့လာပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁၆-၁-၂၀၁၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ရာ ဖော်ပြပါဥပဒေကြမ်းတွင် ပြစ်ဒဏ်များသာမက အခြား ပုဒ်မများကိုပါ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်သွားရန် လိုအပ်ကြောင်း၊ အသစ်ပြဋ္ဌာန်း

ရေးဆွဲလျက်ရှိသော ကုန်အမှတ်တံဆိပ် ဥပဒေနှင့်လည်း ဆက်စပ်ရန် လိုအပ်နေကြောင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၃၀-၇-၂၀၁၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ထပ်မံ၍ အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် အသစ်ပြဋ္ဌာန်းရေးဆွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ် ဥပဒေနှင့် ဤဥဒေကြမ်းသည် သက်ဆိုင်ခြင်းမရှိဘဲ သီးခြားဖြစ်ကြောင်း ပြန်လည်တင်ပြလာပါသည်။ ထို့ကြောင့် ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ သဘောထားမှတ်ချက် တင်ပြနိုင်ရန် ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို စိစစ်လေ့လာခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤပြင်ဆင်ချက်ဥပဒေကြမ်း အပိုဒ် ၁ သည် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အမည်ဖွင့်ဆိုချက် ဖြစ်ပါသည်။

(ခ) ဤပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂ ၌ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် two hundred kyats ဆိုသည့် စကားရပ်ကို fifty thousand kyats ဟုလည်းကောင်း၊ အပိုဒ် ၃ ၌ ပုဒ်မ ၉၊ ပုဒ်မခွဲ(၃)တွင် ပါရှိသော fifty kyats ဆိုသည့် စကားရပ်ကို twenty thousand kyats ဟုလည်းကောင်း၊ အပိုဒ် ၄ ၌ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂) တွင် ပါရှိသော one thousand kyats ဆိုသည့် စကားရပ်ကို one hundred thousand kyats ဟု လည်းကောင်း ငွေဒဏ်စကားရပ်ကိုသာ အစားထိုးထားကြောင်း တွေ့ရှိရပါသည်။

(ဂ) ထို့ပြင် မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေ၏ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂) တွင် ပါရှိသော to the State ဆိုသည့် စကားရပ်ကို to the Republic of the Union of Myanmar ဟု လည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို relevant Ministry ဟု လည်းကောင်း၊ ပုဒ်မ ၁၉ တွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Finance ဟု လည်းကောင်း၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁)၌ ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Commerce may, with the approval of the Union Government ဟုလည်းကောင်း၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄) ၌ ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Commerce with the approval of the Union Government ဟု လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ဤပြင်ဆင်သည့် ဥပဒေ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊

အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့အဖြစ် ဖြည့်စွက်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၅။ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ခေတ်စနစ်နှင့်ညီညွတ်မှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၄။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂) တွင် ပါရှိသော -

(က) one thousand kyats ဆိုသည့် စကားရပ်ကို one hundred thousand kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) to the State ဆိုသည့် စကားရပ်ကို to the Republic of the Union of Myanmar ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅

၅။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို relevant Ministry ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၆

၆။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၉ တွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Finance ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အပိုဒ် ၇

၇။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ(၁)၌ ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Commerce may, with the approval of the Union Government ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ(၄)၌ ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Ministry of Commerce with the approval of the Union Government ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန်အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာပွင့်ဆန်း မှ ယခုတင်သွင်းတဲ့ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ (The Burma Merchandise Marks Act) ဟာ ၁၈၈၉ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အပြင် ငွေဒဏ် တိုးမြှင့်သတ်မှတ်ရန် လိုအပ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ မူရင်းအက်ဥပဒေတွင်ပါရှိသော အခေါ်အဝေါ်များကို ဥပဒေအား စီမံခန့် ခွဲမယ့် ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ အစားထိုးထည့်သွင်းနိုင်ရန် အတွက်ကြောင့် လည်းကောင်း၊ ခေတ်နဲ့လျော်ညီစွာ ကျင့်သုံးနိုင်ရန် လိုအပ်လာတဲ့အတွက် ပြင်ဆင်ရေးဆွဲထားသည့် မြန်မာနိုင်ငံ ကုန်စည် အမှတ် အသားများ အက်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၅၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၅၉။**

**ဦးတင်ရှုန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက တင်သွင်းအပ်တဲ့ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ဦးတင်ရှုန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို (၁၂း၀၁)နာရီအချိန်တွင် ရပ်နားပါသည်။]